# အရှေ့တောင်အာရှနဲ့စစ်အေးကာလ

Virtual Federal University

သမိုင်းဆိုင်ရာဟောပြောချက် သင်ခန်းစာ ၂

Furnivall ပြောခဲ့တဲ့ မြန်မာပြည်ရဲ့ ဝါဒဟာ ကွန်မြူနစ်ဝါဒဆိုတာထက် extreme and impatient nationalism အစွန်းရောက်ပြီး စိတ်မရှည်တဲ့ အမျိုးသားရေးဝါဒဆိုတာကို ဘယ်လိုထင်သလဲလို့ မေးခဲ့တယ်။

စစ်အေးကာလ ဘယ်ကစသလဲဆိုတာကိုက သမိုင်းပညာရှင်တွေအတွက် အငြင်းပွားစရာဖြစ်တယ်။ စင်္ကာပူအမျိုးသားတက္ကသိုလ် အရှေ့တောင်အာရှရေးရာစင်တာက သမိုင်းပညာရှင် Geoff Wade ကတော့ အရှေ့တောင်အာရှမှာ စစ်အေးကာလ ဘယ်အချိန်မှာ စသလဲ။ ဘယ်လိုစသလဲဆိုတာကို ပြောဖို့ ဘယ်သူ့ဆုံးဖြတ်ချက်တွေ၊ သတ်မှတ်ချက်တွေကို မှီးပြီး ပြောကြမှာလဲဆိုတာနဲ့ စရမယ်တဲ့။

ဗြိတိသျှတို့ မြင်တဲ့ စစ်အေးတိုက်ပွဲဆိုတာကတော့ ဗြိတိသျှနဲ့ အနောက်နိုင်ငံတွေရဲ့ အရှေ့တောင်အာရှဒေသအပေါ် ထားရှိတဲ့ ရည်မှန်းချက်တွေ၊ ဒေသထဲက သူတို့ရဲ့ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးစတဲ့ အကျိုးစီးပွားတွေနဲ့ သွေဖည်တဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို လက်ဝဲအင်အားစုတွေက စလုပ်လာကြတဲ့ ကာလပဲ။ အဲဒီ သတ်မှတ်ချက်နဲ့ ပြောမယ်ဆိုရင် စစ်အေးကာလဟာ ၁၉၄၆ခုနှစ် ဇွန်လလောက်ကတည်းက စနေပြီလို့ ပြောလို့ရတယ်။ အဲဒီအချိန်မှာ မလေးကျွန်းဆွယ်က မလေးကွန်မြူနစ်ပါတီက ကိုလိုနီအစိုးရ (ဗြိတိသျှ) ရဲ့ အာဏာကို စခြိမ်းခြောက်နေပြီ။ အရှေ့ဖျားပေါ်လစီစာတမ်းကတော့ ဆိုဗီယက်ပြည်ထောင်စုရဲ့ အရှိန်အဝါကိုထိန်းဖို့ ကြိုးစားရာကနေ စစ်အေးကာလစတယ်လို့ ဆိုတယ်။ အဲဒီတုန်းက ဆိုဗီယက်ပြည်ထောင်စုကို ဗြိတိန်နိုင်ငံက ဥရောပအတ္တလန္တိတ်နိုင်ငံတွေရဲ့ ရန်သူလို့ မြင်တယ်။ ဗြိတိသျှကိုလိုနီတွေ အများကြီးရှိတဲ့ အရှေ့တောင်အာရှ (မြန်မာ၊ စင်္ကာပူ၊ အရင်က မလက္ကာနဲ့ ပီနန်ကျွန်းစု၊ နောက် မလေးရှား) မှာ ဆိုဗီယက်က မတည်ငြိမ်မှုတွေ ဖြစ်အောင် ဖန်တီးနိုင်တယ်လို့ ဗြိတိသျှတို့က အထင်ရှိခဲ့တယ်။ ဒေသခံကွန်မြူနစ် ပါတီတွေနဲ့ ဆိုဗီယက်ပြည်ထောင်စုရဲ့ ဆက်ဆံမှုတွေကို ဗြိတိန်လို နိုင်ငံတွေက သတိထားမိပြီး၊ အဲဒီဆက်ဆံရေးကြောင့် ဒေသတွင်းတည်ငြိမ်ရေး ခြိမ်းခြောက်နိုင်တယ်လို့ လက်ခံလာတဲ့အချိန်ကို စစ်အေးကာလအစလို့ သတ်မှတ်နိုင်တယ်။ ပထမပြောခဲ့တဲ့ ဆိုဗီယက်မပါဘဲ ရိုးရိုးဒေသခံ လက်ဝဲနိုင်ငံရေးအဖွဲ့တွေရဲ့ ခြိမ်းခြောက်မှုနဲ့ပဲ ပြောရင် ၁၉၄၆၊ အဲဒီအဖွဲ့တွေအပေါ် ဆိုဗီယက်ပြည်ထောင်စုရဲ့ သြဇာလွှမ်းမိုးမှုနဲ့ သူတို့ရဲ့ ဆက်ဆံရေးတွေကိုပါ ထည့်စဉ်းစားရင်တော့ ၁၉၄၇မှာ စစ်အေးကာလ စတယ်လို့ ပြောနိုင်တယ်။[1]

[1] Geoff Wade, The beginnings of a 'Cold War' in Southeast Asia: British and Australian perceptions, pp. 543—

ဒီ၁၉၄၆ခုနှစ် ၁၉၄၇ခုနှစ် တွေမှာ အရှေ့တောင်အာရှနိုင်ငံတွေရဲ့နိုင်ငံရေးနိုးကြားမှုဟာ အမြင့်ဆုံးနီးပါး ရောက်နေပြီ။ မြန်မာနိုင်ငံမှာဆိုရင် ပြီးခဲ့တဲ့သင်ခန်းစာမှာ ပြောခဲ့တဲ့ လူတန်းစားသစ်ရဲ့သြဇာဟာ လူထုကြားမှာ တော်တော်ပျံ့နေပြီ။ နိုင်ငံရေးအာဏာကိုလဲ ကိုလိုနီအစိုးရဆီကနေ ရလာပြီ။ ကိုလိုနီအစိုးရကတော့ ဒီလူတန်းစားသစ်နဲ့ ဒီလူတန်းစားထဲကတချို့ ဒါမှမဟုတ် တော်တော်များများပါတဲ့ လက်ဝဲပါတီတွေဟာ သူတို့နိုင်ငံလွတ်မြောက်ဖို့ ကြိုးစားတဲ့ လှုပ်ရှားမှုကို လွတ်လပ်ရေးလှုပ်ရှားမှုဆိုတဲ့ ဘောင်အပြင် တခြားဘောင် တခုထဲကိုလဲ ထည့်ကြည့်တယ်။ အဲဒါကတော့ ဒီလှုပ်ရှားမှုတွေဟာ ဆိုဗီယက်ပြည်ထောင်စုရဲ့သြဇာခံလှုပ်ရှားမှု၊ ဆိုဗီယက်ရဲ့နယ်ရုပ်တွေအနေနဲ့ပါ မြင်တယ်။ ဆိုဗီယက်ရဲ့ခြိမ်းခြောက်နိုင်တဲ့အားနဲ့ သြဇာကိုမြင်ပြီး လက်ခံတာက တစ်ပိုင်း။ လက်ဝဲခြိမ်းခြောက်မှုကို ဆန့်ကျင်ဖို့ တန်ပြန်ဖို့ အုပ်စုတွေဖွဲ့ပြီး လှုပ်ရှားလာကြတာက တစ်ပိုင်း။ ပထမတစ်ပိုင်းအနေနဲ့ ကြည့်ရင်တော့ စစ်အေးကာလဟာ ၁၉၄၆ခုနှစ် ဒါမှမဟုတ် ၁၉၄၇မှာ စတယ်။ ဒုတိယတစ်ပိုင်းအနေနဲ့ ကြည့်ရင်တော့ စစ်အေးကာလက ၁၉၄၈ခုနှစ် ၁၉၄၉ခုနှစ်ကျမှ စတယ်။

၁၉၄၉ခုနှစ် အောက်တိုဘာလမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါ်လာတယ်။ အနောက်နိုင်ငံတွေအပေါ် လက်ဝဲခြိမ်းခြောက်မှုဟာ ပိုကျယ်ပြန့်လာတယ်။ တရုတ်ပြည်မှာ ကွန်မြူနစ်ပါဝါအားကောင်းလာတာနဲ့အမျှ အနောက်နိုင်ငံတွေဟာ ကွန်မြူနစ်မဟုတ်သူများ မဟာမိတ်ဖွဲ့ဖို့ ကြိုးစားလာရတော့တယ်။ အဲဒီအခါမှာ ဆီတိုးလို့သိကြတဲ့ အရှေ့တောင်အာရှစာချုပ်အဖွဲ့ South East Asian Treaty Organization (SEATO) တို့လို့ ကွန်မြူနစ်မဟုတ်သူများ မဟာမိတ်အဖွဲ့တွေ စပေါ်လာတယ်။ ဆီတိုးကတော့ ၁၉၅၄ကျမှ စဖွဲ့နိုင်တယ်။

စစ်အေးကာလကို ပြန်ပြီးလေ့လာကြတဲ့အထဲမှာ ရေပန်းစားတဲ့ လေ့လာနည်း၊ အရင်လေ့လာခဲ့ကြတဲ့ နည်းလမ်းတွေထဲက ဖောက်ထွက်ပြီးလေ့လာကြတဲ့ နည်းသစ်၊ မေးခွန်းသစ်တွေနဲ့ ကျောင်းသူကျောင်းသားတွေနဲ့ နည်းနည်းလောက် မိတ်ဆက်ပေးချင်ပါတယ်။ ဒီသင်ခန်းစာအစမှာ ပြောခဲ့တဲ့ အတိုင်းပဲ စစ်အေးကာလဆိုရင် လက်ဝဲနဲ့လက်ယာအုပ်စုနှစ်စုရဲ့အားပြိုင်ပွဲ။ အနောက်နိုင်ငံတွေနဲ့ ဆိုဗီယက်တို့ရဲ့ပဋိပက္ခတွေကို အရှေ့တောင်အာရှဒေသရဲ့အပြင်ကနေ ဒေသထဲကို ဆွဲယူလာကြတဲ့ ဖြစ်ရပ်တစ်ခုလို လေ့လာခဲ့ကြတယ်။ မော်စကိုလိုင်းလို့ခေါ်တဲ့ မော်စကို အယူအဆအရဆိုရင် ကိုလိုနီတွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုနဲ့ တခြားအနောက်နိုင်ငံတွေနဲ့ ဒီမိုကရက်တစ်နိုင်ငံတွေလို့ သူတို့ကိုယ်သူတို့ ခေါ်တဲ့ ဆိုဗီယက်ပြည်ထောင်စုတို့လို နိုင်ငံတွေရဲ့အားစမ်းပွဲဖြစ်တယ်။

ဒါပေမယ့် ရှားရှားပါးပါး အမျိုးသမီးအရှေ့တောင်အာရှသမိုင်းပညာရှင် ရုမက်ဗေး Ruth McVey ကတော့ စစ်အေးကာလအတွင်းက ကွန်မြူနစ်လှုပ်ရှားမှုတွေကို လေ့လာရင် ဒေသတွင်းက အုပ်စုတွေ၊ လူတစ်ဦးချင်းစီနဲ့ ဒေသခံယဉ်ကျေးမှုတွေကို ထည့်စဉ်းစားလေ့လာဖို့ ပြောတယ်။ သူ့အဆိုအရတော့ ကွန်မြူနစ်ပုန်ကန်မှုတွေဖြစ်ဖို့ တွန်းအားတွေဟာ ဒေသထဲ၊ နိုင်ငံထဲမှာကို ရှိတယ်။ ဆရာစံပုန်ကန်မှုတို့လို ပုန်ကန်မှုတွေကို ဥပမာပေးလို့ရမယ်ထင်တယ်။ အပြင်က လက်ဝဲ၊ လက်ယာ အားပြိုင်မှုဟာ မီးစာသာသာပဲ။ ပုန်ကန်မှုတွေဖြစ်ဖို့

လောင်စာတွေက ဒေသထဲမှာတင် ရှိထားပြီးသားတဲ့။ သူ့ရဲ့အဆိုကို အရင်လေ့လာနည်းတွေထဲက ဖောက်ထွက်ပြီး လေ့လာကြည့်။ မြင်ကြည့်တဲ့ နည်းသစ်ကို revisionist theory ပြန်လည်ပြင်ဆင်ရေးသီအိုရီလို့ လူသိများတယ်။ [2]

သူ့နောက်က တခြားပညာရှင်တွေအများကြီးဟာ ဆက်ပြီးတော့ ဒေသတွင်းက ဘာအကြောင်းအရာတွေက စစ်အေးကာလတိုက်ပွဲတွေကို ဖြစ်စေသလဲ၊ တိုက်ပွဲတွေကို ကြာရှည်စသေလဲ ဆိုတာတွေကို ဆက်လေ့လာကြတယ်။ ခြုံပြောရရင် အထဲက ပြဿနာတွေကို အပြင်က စနက်တွေကြောင့်ဆိုပြီး အပြင်ကို ပြန်ကြည့်ပြီး လေ့လာကြရာကနေ အခုတော့ အထဲက ပြဿနာတွေဟာ ဒေသတွင်းက ဇာတ်ကောင်တွေနဲ့ နိုင်ငံတွင်း ယဉ်ကျေးမှု၊ ခလေ့၊ ယုံကြည်မှုတွေကြောင့် ဖြစ်နိုင်တယ်ဆိုပြီး အထဲက ပြဿနာတွေကို အထဲကို ပြန်ကြည့်ပြီး လေ့လာတဲ့နည်းသစ်တွေ ခေတ်စားလာကြတယ်။ ဒါဟာ ဒေသတွင်း လေ့လာဆည်းပူးမှုတွေ ဥပမာ Southeast Asian Studies တို့လို လေ့လာရေး သင်ယူရေးတွေကို ဦးစားပေးလုပ်လာကြတဲ့ စစ်အေးကာလနှောင်းပိုင်းနဲ့ အခုခေတ် ပညာရေးဌာန၊ တက္ကသိုလ်တွေ၊ ကျောင်းတွေရဲ့ အစီအစဉ်သစ်တွေနဲ့လဲ ဆိုင်တယ်။

ဒီသင်ခန်းစာအတွက် မေးခွန်းကတော့ မြန်မာပြည်မှာ ၁၉၄၅ ကနေ ၁၉၆၅ နှစ်နှစ်ဆယ်အတွင်းဖြစ်ခဲ့တဲ့ နိုင်ငံရေးအရေးအခင်းတွေဟာ ပြည်ပကအကြောင်းအရာတွေကြောင့်လား။ ပြည်တွင်းက အကြောင်းအရာတွေ ကြောင့်လားဆိုတာ ဒီသင်ခန်းစာနဲ့ ဆက်စပ်ပြီး ဖြေကြည့်ပါအုံး။

အဖြေတွေကို ဖေ့ဘွတ်ကနေဖြစ်ဖြစ် ဝက်ဆိုက်ကနေဖြစ်ဖြစ် ပေးပို့နိုင်ပါတယ်။ ဖေ့ဘွတ်လိပ်စာက facebook.com/FederalUniv ဖြစ်ပါတယ်။ နောက်သင်ခန်းစာတွေကို စောင့်နားထောင်ဆွေးနွေးကြပါလို့ တိုက်တွန်းပါတယ်။

[2] McVey (Ruth McVey, The Calcutta Conference and the South-East Asia uprisings (Ithaca, New York: Cornell University, 1958) in The origins of the Southeast Asian Cold War by Karl Hack and Geoff Wade, pp. 441—448 George Fujii, Tuong Vu and Wasana Wongsurawat (Eds) (2009) Dynamics of the Cold War in Asia: Ideology, Identity, and Culture. New York: Palgrave MacMillan http://www.h-net.org/~diplo/roundtables/PDF/Roundtable-XII-7.pdf